မြန်မာနိုင်ငံ

နိုင်ငံအကြောင်း

မြန်မာနိုင်ငံသည် ဒီမိုကရေစီအရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲရေး၏ ရှည်ကြာသောစိန်ခေါ်မှုများနှင့်လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ဖော်ဆောင်နေခဲ့သည်။ ဒီမိုကရေစီအရေးအတွက် မြန်မာနိုင်ငံ၏ရှည်ကြာသည့် ရုန်းကန်လှုပ်ရှားမှုအတွင်း အရပ်သားဦးဆောင်သော အစိုးရတစ်ရပ်ဆီသို့ ၂၀၁၆ ခုနှစ်အတွင်း ငြိမ်းချမ်းစွာအသွင်ကူးပြောင်းခဲ့မှုက သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သော်လည်း ထူးခြားသည့် စိန်ခေါ်မှုများက ကျန်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ် အကြမ်းဖက်မှုနောက်ပိုင်းတွင်ဖြစ်သည်။ မြန်မာပြည်သူအားလုံး၏ လူမှုဘဝဖူလုံရေး၊ ကောင်းကျိုးချမ်းသာ ပိုမိုရရှိစေရေးနှင့် အားလုံးပါဝင်နိုင်သော နိုင်ငံ၏ဖွံ့ဖြိုးရေးကိုဦးတည်စေမည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတစ်ရပ်ကို အားပေးကူညီသွားရေးအတွက် အမေရိကန်ပြည်ထောင်စုက ကတိကဝတ်ပြုထားပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေး၊ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ လူမှုအသိုက်အဝန်းများအကြား ပဋိပက္ခများလျှော့ချရေး၊ အားလုံးပါဝင်နိုင်သော စီးပွားရေးဖွံ့ဖြိုးမှုနှင့်အခြေခံဝန်ဆောင်မှုများရရှိရေး၊ ကျန်းမာရေးနှင့်လူမှုဘဝဖူလုံရေးတို့အတွက် အားပေးကူညီရန် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီက ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ဆောင်ရွက်မှုများ

လွန်ခဲ့သော နှစ် ၂၀ အတွင်းကစ၍ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီအနေနှင့် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်အပြင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်းအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ထိခိုက်လွယ်သော လူမှုအသိုက်အဝန်းများအတွက် အကူအညီများပေးအပ်ခဲ့ပါသည်။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ အဖွဲ့တစ်ဖွဲ့ ၂၀၁၂ ခုနှစ်အတွင်း၌ တရားဝင် ပြန်လည်ဝင်ရောက်လာပြီးချိန်မှစ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးနိုင်လာခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၏ ထူးခြားသည့် အရင်းအမြစ်များကို ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံပြင်ပနေထိုင်သူများ၊ အခြားသော အလှူရှင်များနှင့်လက်တွဲဆောင်ရွက်ခြင်းဖြင့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ၏ ကူညီအားထုတ်မှုများက ပိုမိုအကျိုးရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေး ခရီးလမ်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှုက အဆုံးအဖြတ်ပေးမည်ဆိုသည်ကို အသိအမှတ်ပြုရင်း အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် မိမိတို့ယခုကဲ့သို့ ဆောင်ရွက်နေမှုများကတစ်ဆင့် တစ်သားတည်းရှိနေသောမိတ်ဖက်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်းကို ဆက်လက်၍ အခိုင်အမာ ကူညီအားပေးနေမည်ဖြစ်ပါသည်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အုပ်ချုပ်ရေး

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီသည် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် ဦးဆောင်လှုပ်ရှားမှုဗဟိုပြုသည့် အရပ်ဘက်အဖွဲ့အစည်းတစ်ရပ်ကို ထောက်ခံအားပေးပြီး လူ့အခွင့်အရေးကို မြှင့်တင်ပေးကာ တရားဥပဒေစိုးမိုးမှုကို ပိုမိုအားကောင်းစေပါသည်။ အဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရေးနှင့် တက်သစ်စခေါင်းဆောင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းကို အထူးအာရုံစိုက်ဆောင်ရွက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စု၏ အကူအညီက မြန်မာပြည်သူများကို အသွင်ကူးပြောင်းရေးအတွင်းသို့ ဆောင်ကြဉ်းပေးကာ နိုင်ငံ၏ဒီမိုကရေစီဖွံ့ဖြိုးမှုတွင် ပူးပေါင်းပါဝင်ကူညီပေးနိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်ပေးပါသည်။ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် လူမှုအသိုက်အဝန်းများကြားပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေးတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ရေးကို အားပေးတိုက်တွန်းရန်အတွက်လည်း အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီက ဆောင်ရွက်ပါသည်။

စီးပွားရေးဖွံ့ဖြိုးမှုနှင့် လယ်ယာစိုက်ပျိုးရေး

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် စီးပွားရေးကဏ္ဍဦးဆောင်သူအသစ်များစွမ်းရည်တိုးတက်စေပြီး ပဋိပက္ခဖြစ်စေသည့် စီးပွားရေးရာအကြောင်းရင်းခံများကိုဖြေရှင်း၍ ဒီမိုကရေစီပိုမိုရှေ့ဆက်တိုးနိုင်မည့် ပြုပြင်ပြောင်းလဲရေးကိုမြှင့်တင်ရန်အတွက် ကဏ္ဍစုံမှသက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် လက်တွဲဆောင်ရွက်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ အကူအညီများသည် လူဦးရေ တစ်သန်းကျော်အတွက် တိုက်ရိုက် အကျိုးဖြစ်ထွန်းစေခဲ့ပြီး စီးပွားရေးဆိုင်ရာ ဥပဒေ ၅၀ ကျော်၊ မူဝါဒများနှင့်မဟာဗျူဟာများကို ပိုမိုအဆင့်မြင့်တိုးတက်စေခဲ့ပါသည်။ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် ချေးငွေသတင်းအချက်အလက် အစီအစဉ်တစ်ခုတည်ထောင်ရန် ရေးဆွဲပေးနိုင်ခဲ့ပြီး အငယ်စားနှင့် အသေးစားလုပ်ငန်းပေါင်း ၁၀,၀၀၀ ကျော်အတွက် ချေးငွေများထုတ်ချေးပေးနိုင်ရန် ဆော်သြစည်းရုံးပေးနိုင်ခဲ့ကာ ချေးငွေရရှိနိုင်သည့်လူဦးရေ ပိုမိုတိုးလာစေခဲ့ပါသည်။

တစ်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အစီအစဉ်များသည် ပိုမိုချဲ့အားလုံးလွမ်းခြုံနိုင်ပြီး ထိရောက်သော ကျန်းမာရေးစနစ်တည်ဆောက်ရန်အတွက် အပြန့်ကျယ်သော ပြုပြင်ပြောင်းလဲမှုကို အားပေးထောက်ခံရင်း ချို့တဲ့သောပြည်သူများအတွက် အကူအညီပေးရေး၊ မိခင်နှင့်ကလေးသေဆုံးမှု လျော့ကျရေးနှင့် ၄က်ဖျား၊ တီဘီနှင့် အိပ်ရိုးအိုင်ဗီ စသော ကူးစက်ရောဂါဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့ကျရေးတို့အတွက်လည်း အကူအညီပေးပါသည်။ အကူအညီများကို သမိုင်းကြောင်းအရ မရှိမဖြစ်လိုအပ်သော အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခဲ့သည့်ဒေသများနှင့် အထိခိုက်ခံရနိုင်ခြေ အများဆုံးနှင့် ရောဂါကူးစက်ခံရနိုင်ခြေ အများဆုံးရှိသော မတူကွဲပြားမှုများနှင့်ပေါင်းစုံနေသည့် တိုင်းရင်းသားအုပ်စုများထံသို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း သန်းနှင့်ချီသော ပြည်သူများထံသို့ တိုးချဲ့ပို့ပေးနိုင်ခဲ့သည်။

ဆက်သွယ်ရန်

ဌာနေအဖွဲ့	ဌာနချုပ်များ
ထရီဆာမက်ဂီ၊ ဌာနေညွှန်ကြားရေးမှူး	Kimberley Lucas, Desk Officer
အမှတ် ၁၁၀၊ တက္ကသိုလ်ရိပ်သာလမ်း	U.S. Agency for International Development 1300
ကမာရွတ်မြို့နယ်၊	Pennsylvania Avenue NW
ရန်ကုန်၊ မြန်မာ ၁၁၀၄၁	Washington, DC, USA 20523
ဖုန်းနံပါတ် - +၉၅ (၀) ၁-၅၃၆၅၀၉	Phone: +1 202-712-0848
အီးမေးလ် - hlipper@usaid.gov	E-mail: klucas@usaid.gov
အင်တာနက်စာမျက်နှာ - www.usaid.gov/burma	Website: www.usaid.gov